# တက္ကသိုလ်ကို မြတ်နိုးစွာ လွမ်းပြန်တော့

နောင်ကျော်



# နိဒါန်းစကား နည်းနည်းပါးပါး




၁၉၇၆ ခုနှစ်မှာ ကျွန်တော် ဆယ်တန်းအောင်တော့ တက္ကသိုလ် တက်ဖို့ တစ်နှစ်လောက် စောင့်နေရပြီးမှ ဒေသကောလိပ်ပညာရေးနဲ့ တွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ တစ်ခုပြီးတစ်ခု သစ်ခဲ့တဲ့ စနစ်သစ်ပညာရေးဟာ ၁၉၆၄ ခုနှစ်က စခဲ့ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား တွေ ဘဝမှာ ပြဋ္ဌာန်းစာအသစ်(သင်ရိုးသစ်)တွေနဲ့ ခဏခဏကြုံခဲ့ရတယ်။ ဆယ်တန်း အောင်တော့လည်း အရင်ကလို တက္ကသိုလ် တိုက်ရိုက်တက်ခဲ့ ရတာ မဟုတ်ဘဲ စနစ်သစ်ပညာရေးတစ်ခုဖြစ်တဲ့ ဒေသကောလိပ် ပညာ ရေးစနစ်နဲ့ တွေ့ပြီး အမှတ်(၁)ဒေသကောလိပ်၊ ရန်ကုန်မှာ တက်ခဲ့ရတာ ပါ။ ဒေသကောလိပ်မှာ ဝိဇ္ဇာ ရိုးရိုး၊ ဒုတိယနှစ်မှာ လူထုဆက်သွယ်ရေး အတတ်ပညာ။

အဲဒီ တုန်းက တက္ကသိုလ်နဲ့ ဒေသကောလိပ်တွေရဲ့ ကွာခြားချက် ကတော့

တက္ကသိုလ်တွေမှာ ပထမနှစ်ကစပြီး အဓိကဘာသာရပ် Major စနစ်နဲ့ သွားတယ်။ (ဆေး၊ စက်မှု၊ စီးပွားရေး၊ ပညာရေး ... တွေမှာ သီးခြား သင်ရိုးရှိတယ်) ဒေသကောလိပ်စနစ်မှာတော့ အဓိကဘာသာတွဲလေးခု ရှိတယ်။ သိပ္ပံ(ဇီဝ)၊ သိပ္ပံ(သင်္ချာ)၊ ဝိဇ္ဇာ(သင်္ချာ)၊ ဝိဇ္ဇာ(ရိုးရိုး)ဆိုပြီး ခွဲထားတယ်။ ဒုတိယနှစ်မှာ လုပ်ငန်းအတတ်ပညာ ၂၃ ခု ရှိတယ်။ ဒုတိယနှစ် ပြီးတော့မှ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်နဲ့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေကို တက်ကြရတာပါ။

နောက်တစ်ခု ကွာတာကတော့ ကျောင်းလခပါ။ အဲဒီ အချိန်တုန်းက တက္ကသိုလ်တွေရဲ့ ကျောင်းလခက ၁၅ ကျပ်(တစ်ဆယ့်ငါးကျပ်)ဖြစ်ပြီး ဒေသကောလိပ်တွေရဲ့ ကျောင်းလခက ကျပ် ၃၀(သုံးဆယ်ကျပ်)ပါ။ အဲဒီ လို ဖြစ်နေခဲ့ရတာကလည်း တက္ကသိုလ်တွေဟာ ပညာရေးဝန်ကြီးဌာန လက်အောက် မှာ ရှိပြီး ဒေသကောလိပ်တွေက တိုင်းနဲ့ ပြည်နယ်ကောင်စီဝင်တွေက ဖွဲ့ထား တဲ့ ဒေသကောလိပ် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့တွေရဲ့ တာဝန်ခံမှုအောက်မှာ ရှိနေတာကြောင့်လို့ ဆိုပါတယ်။ ဒါဟာ 'ဒေသကောလိပ် ဝင်ခွင့်လမ်းညွှန်' ဆိုတဲ့ စာအုပ်ထဲမှာတော့ 'ဒေသကောလိပ်များ ကြီးကြပ်ကွပ်ကဲရေး ဗဟိုအဖွဲ့' ဆိုတာ ပါရှိပါတယ်။ တက္ကသိုလ်နဲ့ ဒေသကောလိပ် ကွာခြားချက်တွေထဲက သိသာတဲ့ ကွာခြားချက်နှစ်ခုကိုပဲ ပြောခဲ့တာပါ။ တခြားကွာခြားချက်တွေလည်း အများကြီးရှိနေသေးတာကို အသေးစိတ် ပြန်လေ့လာကြည့်ရင် တွေ့ရဦးမယ် ထင်ပါတယ်။ ပြီးတော့ ဒေသကောလိပ်တွေ ပေါ်လာရတဲ့ နောက်ခံ သမိုင်း။

ကျွန်တော်က ဒုတိယနှစ် လူထုဆက်သွယ်ရေးလုပ်ငန်း အတတ်ပညာနဲ့ စာမေးပွဲအောင်ပြီးတော့ တက္ကသိုလ်ကို ဆက်မတက်သေးဘဲ သတင်းစာလုပ်ငန်းခွင်ကို သင်တန်းသားအနေနဲ့ တစ်နှစ်ဆင်းခဲ့ပါသေးတယ်။ ဒုတိယနှစ် သင်တန်းတုန်းက စာတွေ့တွေကို သင်ကြားခဲ့ရပြီး လုပ်ငန်းခွင်သင်တန်း ဆင်းချိန်မှာတော့ မြန်မာ့အလင်း သတင်းစာတိုက်(ရွှေဂုံတိုင်)မှာ လက်တွေ့

ဝင်လေ့လာခဲ့၊ လုပ်ခဲ့တာပါ။ ၁၉၇၉ ခုနှစ်။ ထောက်ပံ့ကြေး တစ်လ ကျပ် ၁၅၀ ရတယ်။

ပြီးတော့မှ ရန်ကုန်တက္ကသိုလ်မှာ တတိယနှစ် မြန်မာစာအဓိက ကျောင်းသားဘဝ ပြန်ရောက်သွားပါတယ်။ အဲဒီ တုန်းက ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် RASU လား၊ ရန်ကုန်တက္ကသိုလ် UR or RU လား ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ နာမည်အပြောင်းအလဲက မကြာခဏ ရှိခဲ့ တာကြောင့်ပါ။ ကျွန်တော်တို့ခေတ်က ရာဇူး RASU လို့ပဲ သုံးလေ့ရှိပါတယ်။ ကိုယ့်အချင်းချင်း တွေ့ကြရင်တော့ 'ကျောင်း'လို့ပဲ ပြောပါတယ်။ 'ကျောင်းထဲ လာဦးမလား၊ ကျောင်းထဲမှာ တွေ့ရအောင် ...'ဆိုတာမျိုးပေ့ါ။

မြန်မာစာကျောင်းသားဘဝကနေ ဘွဲ့လွန်တန်းပြီးတော့ မဟာဝိဇ္ဇာ (ကျမ်းပြု)ဘဝမှာ တက္ကသိုလ်ဆရာ(နည်းပြ၊ ၁၉၈၆) ဖြစ်ခဲ့တယ်။ အဲဒီ မတိုင်ခင် အချိန်ပိုင်းနည်းပြ၊ လက်ထောက်စာစဉ်နည်းပြတွေ လုပ်ခဲ့ဖူးတယ်။ မဟာဝိဇ္ဇာ(ရေးဖြေ)တန်းမှာ သူငယ်ချင်းတွေနဲ့အတူ တပျော်တပါးကြီး စာမေးပွဲ တစ်နှစ်ကျခဲ့ဖူးတယ်။ နောက်တစ်နှစ်ထပ်ကျရင် ကျောင်းထွက်ရမှာမို့ စာမေး ပွဲနီးမှ မျက်ကလူးဆန်ပျာ စာကြည့်ခဲ့ရတာ လည်း မမေ့ပါဘူး။ ကျောင်းသား ဘဝမှာ ဘာသာရပ်ပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံက ကျောင်းသားတချို့နဲ့ ပေါင်းသင်းခဲ့၊ ဆွေးနွေးငြင်းခုံခဲ့၊ ကင်တင်းန်ပေါင်းစုံ လျှောက်ထိုင်ခဲ့၊ ညလုံး ပေါက် စကားထိုင်ပြောခဲ့ကြတာတွေကို သတိရခဲ့မိတာ နှစ်ပေါင်းများစွာထဲမှာ ခဏခဏ ရှိခဲ့ပါတယ်။ အဲဒီ တုန်းက ပေါင်းခဲ့သင်းခဲ့ ရင်းနှီးခဲ့သူတချို့လည်း အခုတော့ ကွယ်လွန်ကုန်ပါပြီ။ (ဥပမာ - တိမ္မေးကုက မကွေးကိုနေဝင်း၊ ကိုကျော်စိန်သောင်း၊ ကြေးမုံသတင်းစာအယ်ဒီတာ တင့်လွင်၊ မြန်မာစာက ဇောင်းထက်) တချို့လည်း ဘဝချင်း ဝေးတာ၊ နိုင်ငံချင်း ခြားတာတွေကြောင့် ပြန်မဆုံဖြစ်ကြတော့ပါဘူး။ တချို့လည်း ပြန်ဆုံဖြစ်ပေမယ့် တစ်ခါတလေမှ။ အဲဒီ ထဲက နှစ်ယောက်နဲ့တော့ မကြာခဏ ဆုံဖြစ်ပါတယ်။ သူတို့ကတော့ ကိုညွန့်သောင်း(မောင်သာချို)နဲ့

ကိုငွေးလွင်(ထွန်းဇော်ငွေး)တို့ပါ။ တချို့က တော့ ရန်ကုန်မှာပဲ ရှိနေပါလျက်နဲ့ သူ့အလုပ်သဘာဝ ၊ ကိုယ့်အလုပ်သဘာဝ တွေကြောင့် သူတို့နှစ်ယောက်နဲ့လိုတော့ မကြာခဏ မတွေ့ဖြစ်၊ မဆုံဖြစ်ကြ ပါဘူး။ ဒါကလည်း သဘာဝ ကျပါတယ်။ ဟိုတုန်းကလို လွတ်လပ်တဲ့ ကျောင်းသားဘဝတွေမှ မဟုတ်ကြတော့တာကိုး။ ငယ်ရွယ်တက်ကြွနေကြတဲ့ တက္ကသိုလ်ကျောင်းသား ဘဝတွေကနေ လွန်မြောက်ခဲ့တာ နှစ်ပေါင်းလည်း များစွာကြာခဲ့ကြမှကိုး။

ဒါပေမယ့် တက်ကြွရင်ခုန်စရာ အတိတ်ကနေ့လန့်ကာကိုတော့ လှစ်ဟကြည့်မိခဲ့ပါတယ်။

အခု ဒီစာအုပ်မှာပါတဲ့ ဆောင်းပါးတွေဟာ ကျွန်တော် ဒေသကောလိပ်ကျောင်းသားဘဝ၊ သတင်းစာသင်တန်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝတုန်းက တွေ့ခဲ့၊ ကြုံခဲ့၊ တွေးခဲ့၊ ပြောခဲ့ကြတာတွေကို အခြေခံပြီး ရေးသားထားတာတွေပါ။ ဒီစာတွေ အများစုကို 'ခိုင်မျိုးဇော်'နာမည်နဲ့ နွယ်နီမဂ္ဂဇင်းမှာ ရေးခဲ့ပါတယ်။ တချို့ဆောင်းပါးတွေကတော့ မြန်မာသစ်နဲ့ Beauty မဂ္ဂဇင်းမှာ ရေးခဲ့တာတွေပါ။ ရေးချင်တာတွေ အကုန်လုံးကိုတော့ မရေးဖြစ်သေးပါဘူး။ ဒီစာမူတွေကို ဖော်ပြပေးခဲ့တဲ့ မဂ္ဂဇင်းအယ်ဒီတာတွေကို ကျေးဇူး တင်ပါတယ်။ အထူးသဖြင့် နွယ်နီမဂ္ဂဇင်းက ကိုမင်းငြိမ်းချမ်းနဲ့ ဇော်လူစိမ်း၊ ဒီစာအုပ်ဖြစ်မြောက်အောင် စီစဉ်ခဲ့တဲ့ ကဗျာဆရာ မိုးဝေး(နှစ်ကာလများ)တို့ကို ကျေးဇူးတင်တဲ့အကြောင်း မှတ်တမ်းတင်လိုက်ပါတယ်။

၁၉၇၇ စာသင်နှစ်ကနေ ၁၉၈၉ စာသင်နှစ်အထိ အတိတ်ဘဝက ကြုံခဲ့၊ ကြားခဲ့၊ ခံစားခဲ့ရတာ တွေဟာ အတွေးထဲပြန်ဝင်လာရင် အရင်လိုပဲ နုပျိုစိမ်းလန်းနေတုန်းပါ။ အထူးသဖြင့် တက္ကသိုလ်ကျောင်းဝန်းကျင်ကို ခုထိ မြတ်မြတ်နိုးနိုးနဲ့ လွမ်းမိနေတုန်းပါ။ ဒီစာကိုရေးနေတဲ့အချိန်မှာပဲ တက္ကသိုလ် ကို ကျွန်တော့်လိုပဲ မြတ်နိုးစွာ လွမ်းတတ်ခဲ့တဲ့ ထူးအိမ်သင်ရဲ့ သီချင်းသံက နားထဲကို ဝင်လာပါတယ်။

'အဓိပတိလမ်းမထက် ... အတိတ်က တို့ခြေရာများ ... တိမ်တိုက် လို ဝေးလွင့်လို့သွား ... ဩော် ... ပျောက်ကွယ်လေပြီ၊ ရာသီတွေ ချာချာ လည် မှုန်ဝါး ... အတိတ်ကခြေသံ တိုးတိုးသွား ... တို့နှစ်ယောက် တကယ်ကို ဝေးခဲ့ကြပြီလား ...

ပွင့်သစ်စရန့် ဆွတ်ပျံ့ ... အခုတော့ ပျောက်ပြယ်လွင့်ပါး ... ပြောင်း လဲခြင်း ဘဝကို ဖြတ်ကျော်တာ ကြုံလေပြီ ... ဒဏ္ဍာရီလို ဝေဝေဝါး ... အတိတ်ကခြေသံ တိုးတိုးသွား ...'

အဲဒီ သီချင်းသံ တဖြည်းဖြည်းချင်း တိုးတိုးပြီး ပျောက်သွားတော့ ထူးအိမ်သင်ရဲ့ နောက်သီချင်းတစ်ပုဒ်ထဲမှာ ထပ်ကျော့ပြီးဆိုထားတဲ့ သီချင်း စာသားက ပွဲတင်ထပ်နေမိတော့တယ်။

'နွေဦးကံ့ကော်ရေ ... နွေဦးကံ့ကော်ရေ ...' တဲ့။

ဟုတ်တယ်။ နွေဦးကံ့ကော်၊ နွေဦးကံ့ကော်။ ဟိုတုန်းက ကံ့ကော် နွေဦး။

သီချင်းရှင်ရဲ့ အတိတ်ကခြေသံ တိုးတိုးသွားပေမယ့် ကျွန်တော့်ရင်ထဲ က အတိတ်ခြေသံတွေကတော့ 'ကံ့ကော်နွေဦးရေ ...' လို့ ရေရွတ်တမ်းတ၊ လွမ်းမက်တသစွာ ပြန်လာနေကြတာကို တွေ့ပါရဲ့လား။ 'ကံ့ကော်မြို့တော်' ခြေသံတွေ စိမ်းမြစွာ ရင်ခုန်တုန်းမှာပဲ ကံ့ကော်ရနံ့လှိုင်းတွေကို ကြားလိုက် ရတယ်။ ရနံ့လှိုင်းတွေက ရင်ကို ဆွတ်ပျံ့တက်ကြွစပြန်ပြီလား၊ ကံ့ကော် ဝတ်မှုန်လေး ...။

**သူငယ်ချင်း၊ မိတ်ဆွေများရဲ့ အတိတ်တက္ကသိုလ်က**

**နောင်ကျော်**

*

ချစ်မကျမပြယ်သေးတဲ့
ကံ့ကော်ပွင့်ရယ် ... နွေဦးရယ် ...



မရောက်ဖြစ်တာ အတော်ကြာသွားတဲ့ နေရာဒေသတစ်ခုဆီ သွားတဲ့
လမ်းမှာ ဘယ်လိုအပြောင်းအလဲတွေ တွေ့ရမလဲဆိုတာကို တွေးမိပြီး ကျွန် တော်

ရင်ခုန်နေမိတယ်။ ဟိုတုန်းကတော့ အဲဒီ ပတ်ဝန်းကျင်မှာ ဆယ်နှစ် ဆယ်မိုး ကျင်လည်ခဲ့တယ်။ ပညာရှာရင်းနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ တွေ့ခဲ့ရပြီး အဲဒီ အပေါင်းအသင်းတွေထဲမှာပဲ သူငယ်ချင်းဖြစ်လာသူဟာ လက်ချိုးရေလို့ရခဲ့တယ်။ ကာလတစ်ခုကို ဖြတ်ပြီးတဲ့အခါမှာ တချို့က ရဲဘော်ရဲဘက်၊ တချို့က သူငယ်ချင်း၊ တချို့က မိတ်ဆွေအပေါင်းအသင်း၊ တချို့က ခင်မင်သိကျွမ်းသူ၊ တချို့ကတော့ ကျောချင်းကပ်ပြီး တဖြည်းဖြည်း ဝေးသထက်ဝေးရာဆီ။

နာဂစ်မုန်တိုင်းတိုက်ပြီးတော့ ရန်ကုန်မြို့တော်ကြီးက သစ်ပင်ကြီးတွေ အတော်များများလည်း အနိစ္စသဘောနဲ့ ကိစ္စချောကုန်ကြတယ်။ မုန်တိုင်း တိုက်ပြီး နောက်ပိုင်းမှာ ပြိုလဲ ပျက်စီးသွားတဲ့ သစ်ပင်တွေအကြောင်း၊ တိုက်တာအိမ်ရာတွေကနေ တဲကလေးတွေအကြောင်း၊ ဒဏ်ရာရသူတွေကနေ သေဆုံးသူတွေအကြောင်း၊ ရန်ကုန်ဆင်ခြေဖုံးကနေ ပင်လယ်ဒီလှိုင်းဖုံးတဲ့ မြစ်ဝကျွန်းပေါ်က ဒုက္ခတွေအကြောင်း သောင်းပြောင်းထွေလာ ပြောဖြစ်ကြတယ်။ စိတ်ထိခိုက်သူတွေ၊ ကြေကွဲဝမ်းနည်းတဲ့ အသံတွေ၊ စီးကျလာနေတဲ့ မျက်ရည် တွေဟာ နာဂစ်ရဲ့ နောက်ဆက်တွဲ ပွဲတင်သံနဲ့ ဂယက်တွေပါ။ အဲဒီ အထဲမှာ ဒေါသပေါက်ကွဲပြီး အံကြိတ် တောက်ခေါက်သံတွေလည်း မကြာခဏဆိုသလို နားနဲ့ဆတ်ဆတ် ကြားရတတ်ပါသေးတယ်။ ဘေးဆိုးကပ်ဆိုး အန္တရာယ်ဆိုးတွေ ကြုံရပြီးတဲ့ အခါတိုင်းမှာ အဲဒီ လို ခံစား တုံ့ပြန်မှုတွေ ဖြစ်တတ်တာဟာ ဓမ္မတာပါပဲလို့ဆိုရင် စိတ်ထဲမှာ ပြေရာပြေကြောင်း ဖြစ်သွားတတ်ပါသလား။ 'ကြာပေမယ့်လည်း၊ မေ့နိုင်ခဲမို့၊ ရင်ထဲမပြေ၊ အတိတ်တစ္ဆေ'လို့ပဲ ရေရွတ်ရင်း ချောက်ချားနေတတ်ပါသလား။ 'တစ်ကွေ့တော့ တွေ့ကြဦးမည်'ဆိုတဲ့ နတ်နွယ်ရဲ့ ဝတ္ထုနာမည်ကို ရေရွတ်နေမိပါသလား။ အတိတ်ကို ကျယ်ကျယ်လောင်လောင် လွမ်းဆွတ်ပြီး ပစ္စုပ္ပန်ဆီ ချီပိုးသယ်မ ရွှေ့ယူလာဖို့အတွက် ရင်ခုန်သံတွေ မြန်နေတုန်းပဲလား။

ကျွန်တော်ကတော့ မရောက်တာ အတော်ကြာတဲ့ တက္ကသိုလ်

မြကျွန်းသာဆိုတဲ့ အရပ်ဆီကို ဦးတည်သွားနေတာပါ။ ကျောင်းနား ပတ်ဝန်း ကျင်မှာ ဘာတွေ ပြောင်းလဲနေပြီလဲ။ ကျောင်းဝင်းထဲမှာရော ဘာတွေ ပြောင်းလဲ ခဲ့ပြီလဲ။ ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ကြသူတွေ ဘယ်လို အခြေအနေရှိကြသလဲ။ ဟိုတုန်းက ထိုင်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်တွေ ရှိသေးရဲ့လား။ တက္ကသိုလ်ဟာ ဟိုတုန်းကလိုပဲ စည်စည်ကားကားနဲ့ ပျော်စရာ ကောင်းသေးသလား ...။ စဉ်းစားမိတာတွေက အများကြီး၊ သိချင်တာတွေက တစ်ပုံတစ်ခေါင်းနဲ့ ရင်တွေ က ခုန်နေတယ်။ ဝေးခဲ့ပေမယ့် လွမ်းနေရဆဲပါ တက္ကသိုလ်။

*

ဟံသာဝတီအဝိုင်းကို ကွေ့လိုက်ကတည်းကပဲ တက္ကသိုလ်နယ်မြေ အစကို ရောက်ပြီဆိုတာ သတိထားမိလိုက်တယ်။ ဘတ်စ်ကားပေါ်ကနေပြီး ညာဘက်အခြမ်းကို လိုက်ကြည့်နေမိတယ်။ ရှိခဲ့ဖူးခဲ့တဲ့ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ သစ်ပင်တွေကို မမြင်ရတော့ဘူး။ ပညာရေးတက္ကသိုလ်ကို ပြည်လမ်းပေါ်ကနေ ရှင်းရှင်းကြီး မြင်နေရတယ်။ ကျော်လာတော့ အဆင့်မြင့် ပညာ ဦးစီးဌာနရုံး။ ဟိုတုန်းကတော့ အဲဒီ ရုံးရဲ့ ဟိုဘက်က အဆောက်အအုံ တွေမှာ ဆေးတက္ကသိုလ်အတန်းငယ်တွေ ကျောင်းတက်ခဲ့ကြတာကို မှတ်မိ တယ်။ အဲဒီ အဆောက်အအုံတွေ နောက်ဘက်က စိန်ပန်းပင် ကွေးကွေး ကောက်ကောက်ကြီးတွေ ရှိသေးရဲ့လား။ အဲဒီ စိန်ပန်းပင်တွေကို ကြည့်ရတာ အနုပညာရှင်တစ်ယောက်ရဲ့ ပန်းပုလက်ရာတွေကို တွေ့မြင်ရသလို ခံစားမိဖူးတာ သတိရလိုက်သေးတယ်။ ဟိုတုန်းက ... ဟိုးတစ်ချိန်တုန်းက။ အဲဒီ တုန်းက လိပ်ခုံးခန်းမကြီး ရှိတယ်။ အဲဒီ မှာ ကံ့ကော်ရွာ ပန်းချီပြပွဲ လုပ်ခဲ့တာကို အမှတ်ရမိတယ်။ အခုတော့ လိပ်ခုံးခန်းမလည်း မရှိရှာတော့။ ဒီဘက်

ဆက်လာတော့ ပြည်၊ ပုဂံ၊ တကောင်း ကျောင်းဆောင်တွေရှိတဲ့ ဝင်းကို လှမ်းကြည့်မိတယ်။ ဟိုတုန်းက အုပ်အုပ်ဆိုင်းဆိုင်းရှိခဲ့တဲ့ အတိတ်က သစ်ပင်ကြီးတွေလည်း မရှိသလောက်။ ဒီနေရာဟာ ဇဝနရဲ့ 'ကောလိပ်ကျောင်းသား' ဝတ္ထုထဲက ဇာတ်လိုက်နေခဲ့တဲ့ နေရာဆိုတာ မှတ်ဉာဏ်ထဲက ထွက်လာတယ်။ အဲဒီ ဝတ္ထုထဲက ဇာတ်ကောင်စရိုက်တွေနဲ့အတူလိုက်ရင်း ပျော်ခဲ့ပြုံးခဲ့၊ ရယ်မောခဲ့ရတာကို ဖျတ်ခနဲ သတိရလိုက်သေးတယ်။

ဟော ... ဒီနေရာမှာ အဆောက်အအုံသစ်ကြီးပါလား။ ရှင်းလင်းသန့်ပြန့်လို့။ အံမယ် ... မြက်ခင်းပြင်တွေ ဘာတွေနဲ့ သားနားလှပလို့ပါလား။ ဟိုတုန်းက ဒီနေရာမှာ ဘာတွေရှိခဲ့ဖူးပါလိမ့်။ ပြန်စဉ်းစားရင်း၊ စဉ်းစားရင်းနဲ့ ကားမှတ်တိုင်နာမည်ကို အရင်သတိရလိုက်တယ်။ 'လိုင်းပေါက်' မှတ်တိုင်။ အဲဒီ မှတ်တိုင်ဘေးမှာ အုတ်တံတိုင်းတွေ ရှိတယ်။ အဲဒီ အတွင်းဘက်မှာ တက္ကသိုလ်က ဝန်ထမ်းအလုပ်သမားတွေရဲ့ အိမ်တန်းလျားတွေ ရှိခဲ့ဖူးတယ်။ အခုတော့ 'တက္ကသိုလ်စိန်ရတုသဘင်ခန်းမ'တဲ့။ ခံ့ခံ့ညားညား။ ရာဇဝင်ဆန်ဆန်။ အတိတ်ခြေသံတွေကို လုံအောင်ထိန်းထားတဲ့ အဆောက်အအုံကြီးပါကလား။

အဲဒီ ရဲ့ဟိုဘက်ကို ဆက်လာတော့ တက္ကသိုလ်ဓမ္မာရုံကြီးကို မြင်လိုက်ရတယ်။ ဒီဝင်းထဲမှာ သစ်ပင်ကြီးတွေ အများကြီး ရှိခဲ့တာကိုတော့ မှတ်မိ သေးတယ်။ နောက်ပိုင်းမှာ သစ်ပင်ရိပ်တွေ ခပ်စိပ်စိပ်နဲ့မို့ အပြင်ဘက်က လှမ်းကြည့်လိုက်ရုံနဲ့ အဲဒီ ဓမ္မာရုံဝင်းကြီးထဲဝင်ပြီး နားခိုချင်စိတ် ပေါ်လာတယ် လို့တောင် ပြောကြတယ်။ ပင်ခြေကရှင်းပြီး အရိပ်ကောင်းတွေက အပြည့်နဲ့မို့ နွေနေ့လယ်တွေမှာ အေးအေးဆေးဆေး နေချင်စရာကောင်းတဲ့ နေရာတဲ့။ အခု တော့ အပင်တော်တော်များများ မရှိတော့။ လမ်းပေါ်ကနေ ဓမ္မာရုံ အဆောက် အအုံကြီးကို ထီးထီးကြီး လှမ်းမြင်နေရတယ်။ အပျက်အစီးတချို့ ရှိခဲ့တာကို ပြင်ဆင်နေကြတယ် ထင်ပါရဲ့။

မီးပွိုင့်မှာ မီးနီနေတာအကြာကြီးမို့ တက္ကသိုလ်ကျောင်းဝင်းဘက်ကို

လှမ်းကြည့်မိတယ်။ တက္ကသိုလ်ရိပ်သာ လမ်းဘေးက သစ်ပင်ကြီးတွေ မရှိသလောက်။ ရှိတဲ့အပင်တွေကလည်း သစ်ပင်ရုပ်မပီ။ အကျိုးအပဲ့ ဒဏ်ရာတွေနဲ့။ ကျောင်းဝင်းအဝ အဓိပတိလမ်းရဲ့ ညာဘက်နားက ကညင်ပင်ကြီးကတော့ လဲကျသွားသတဲ့။ ကျောင်းရဲ့ဂုဏ်ဆောင်၊ ကျောင်းရဲ့သင်္ကေတတစ်ခုဖြစ်နေတဲ့ သစ်ပုတ်ပင်ကြီးကတော့ နည်းနည်းယိုင်သွားတယ်လို့ ကြားခဲ့ရတယ်။ အံ့သြစရာကောင်းတာက သူ့ထက်ငယ်တဲ့ သစ်ပင်တွေ၊ သူ့လောက်အရွယ်ရှိတဲ့ သစ်ပင်တွေအားလုံး အလဲလဲ အပြိုပြို ဖြစ်ခဲ့ကြပေမယ့် သစ်ပုတ်ပင်ကြီးကတော့ လဲမကျခဲ့ဘူးတဲ့။ ဒါက ဝမ်းသာစရာသတင်းပါ။ နောက်ပိုင်းမှာ အဲဒီ သစ်ပုတ်ပင်ကြီးကို ဆေးထိုးပေးထားလို့ နဂိုအတိုင်း ကျန်းမာနေသတဲ့။ ဒီဘက်မရောက်ခင်မှာ ကြားခဲ့ရတဲ့ စကားတွေလေ။ ကားမှတ်တိုင်က ဆင်းပြီး ကျောင်းထဲရောက်သွားရင် ကိုယ်တိုင်မြင်ရမယ့် မြင်ကွင်းတွေပဲလို့ စိတ်ထဲမှာ တေးထားလိုက်တယ်။

အတိတ်ကို ကြည့်မယ်။ ကျောင်းဝင်းထဲကို လျှောက်ကြည့်မယ်။ မမြင်ရ၊ မတွေ့ရတာ ကြာတဲ့ မြင်ကွင်းတွေကို လိုက်ကြည့်မယ်။ မဆုံရတာ ကြာတဲ့ မိတ်ဆွေတွေရှိတဲ့ နေရာတွေကို သွားပြီးတွေ့မယ်။ မထိုင်ရတာ ကြာပြီဖြစ်တဲ့ အရှည်ကြီးဆိုင်ကို သွားမယ်။ သစ်ပင်ရိပ်တွေကြားထဲက ဖြတ်သွားရတဲ့ ဦးချစ်လက်ဖက်ရည်ဆိုင် သွားထိုင်မယ်။ ဂျပ်ဆင်ကင်န်တင်းဘက် သွားမယ်။ အာရ်စီ (အပန်းဖြေရိပ်သာ)ဘက်ကို သွားမယ်။ ဘွဲ့နှင်းသဘင်ဘက်ကိုလည်း သွားမယ်။ အင်းလျားကန်ဘောင်ဘက်ကို ထွက်ကြည့်မယ်။ အင်းလျားကန်စပ် မှာ ဘူးသီးကြော်ဆိုင်တွေ ရှိနေသေးသလား။ ဟိုတုန်းကတော့ ရှိတယ်။ ဟိုတုန်းက ... ဟိုတုန်းက ... ဆိုတာ စဉ်းစားရင်း ကျောင်းနဲ့ဝေးခဲ့တဲ့နှစ်တွေကို ပြန်တွက်ကြည့်မိတယ်။ ဆယ်နှစ် ...၊ ဆယ့်လေးနှစ် ...၊ ဆယ့်ကိုးနှစ် ...၊ အနှစ်နှစ်ဆယ် ...။ သြော် ... ဘာလိုလိုနဲ့ အနှစ် နှစ်ဆယ်တောင် ရှိခဲ့ပါပကောလား။

အဲဒီ တုန်းကဆိုရင် အသက်က အခုလို မကြီးသေး။ ဆံပင်ကလည်း

အခုလို ဖြူကြောင်ကျား မဖြစ်သေး။ လူကလည်း ခုလို လေးလေးကန်ကန် ခြေလှမ်းပိုင်ရှင် မဟုတ်သေး။ ငယ်ရွယ်သူပီပီ ရွှင်လန်း တက်ကြွမှုတွေ၊ အနာဂတ်ကို ယုံကြည်မျှော်လင့်မှုတွေ၊ စွန့်လွှတ်စွန့်စားချင်စိတ်တွေ၊ လူတိုင်းရဲ့ အနာဂတ်ကို လှပစေချင်စိတ်တွေနဲ့ ထက်သန်နေခဲ့ကြ။ အဲဒီ တုန်းက သူငယ်ချင်း တွေနဲ့အတူ ဆိုခဲ့ဖူးတဲ့ သီချင်းစာသားတစ်ပိုင်းတစ်စက အတွေးထဲဝင်လာတယ်။

'ငါသည် မြတ်သောအကျင့်ကို ကျင့်၍ အမှန်တရား၌ နေသည်' ဆိုလား။ တစ်ဆက်တည်းမှာပဲ နောက်သီချင်းတစ်ပုဒ်ရဲ့ စာသားကလည်း ခေါင်းထဲ ဝင်လာတယ်။ 'ခွန်အားဖြည့်မိငယ်'သီချင်းထဲက 'ယုံကြည်ခြင်းနဲ့ ကြိုးစားထားမှ တစ်ချိန်မှာ အောင်မြင် လွတ်မြောက်နိုင်မယ်လေ ...'တဲ့။ ဒီသီချင်းစာသားတွေ ကြားထဲကနေ အဲဒီ တုန်းက သူငယ်ချင်းတွေရဲ့ မျက်နှာတွေ၊ မိတ်ဆွေ အပေါင်း အသင်းတွေရဲ့ မျက်နှာတွေ၊ ရယ်သံတွေ၊ ငိုသံတွေ၊ လက်ပြနှုတ်ဆက်တာတွေ၊ အော်ခေါ်သံတွေ၊ အော်ဟစ်သံတွေ ကြားယောင်လာတယ်။

အင်းစိန်လမ်းဘက်က လှည်းတန်းမှတ်တိုင်ရောက်တော့ ကားပေါ်က ဆင်းပြီး ကျောင်းထဲဘက်ကိုသွားဖို့ လမ်းလျှောက်လာချိန်မှာ လက်ဖက်ရည် ဆိုင်က သီချင်းဖွင့်သံ ကြားလိုက်ရတယ်။ ကျွန်တော်တို့ လူငယ်ဘဝတုန်းက သီချင်းမျိုး၊ သံစဉ်မျိုး၊ အလိုက်မျိုး မဟုတ်တော့ပါဘူး။ ဟစ်ပ်ဟော့ဆိုလား၊ ရက်ပ်ဆိုလား ... ခေါ်ကြတဲ့ သီချင်းမျိုး။ ကျွန်တော်တို့ လူငယ်ဘဝတုန်းကလည်း ရင်ထဲမှာရှိတဲ့ ခံစားမှုကို ဖွင့်အန်ချတဲ့သီချင်းမျိုး ဆိုခဲ့ကြတယ်။ ဒီကနေ့ခေတ် လူငယ်တွေလည်း သူတို့ရင်ထဲက ဝေဒနာတွေကို အန်ချပစ်တဲ့သီချင်းတွေ ဆိုနေကြမှာ သေချာတယ်။ နှစ်ကာလချင်း မတူ၊ မျိုးဆက်ချင်း ကွာဟပေမယ့် ရင်ခုန်သံတွေချင်းတူရင် ခေတ်ပြိုင်ခံစားမှုဝေဒနာကို ကြေညာပြီး အဖြေရှာပုံ တူလိမ့်မယ်လို့ စဉ်းစားမိလိုက်တယ်။

လမ်းဆက်လျှောက်လာရင်း ပြည်လမ်းရဲ့ တစ်ဖက်တစ်ချက်မှာရပ်ပြီး တက္ကသိုလ်ဘက် လှမ်းကြည့်လိုက်မိတယ်။ 'သြော် ... ငါ ကျင်လည်ခဲ့ဖူးတဲ့

တက္ကသိုလ်ပါလား။ ငါ့ဘဝရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို ဖွဲ့စည်းတည်ဆောက်ဖြစ်ခဲ့တဲ့ တက္ကသိုလ်ပါလား။ ငါ မစွန့်ခွာချင်ပေမယ့် ခွဲခွာခဲ့ရတဲ့ တက္ကသိုလ်ပါလား။ ငါ့နှလုံးသွေးတွေ ဆူဝေလျှံတက် ပွက်ပွက်ထခဲ့ရတဲ့ ချစ်သောအမိမြေပါလား။ ငါ့ဘဝ အနာဂတ်အိပ်မက်တွေ ကြဲပက်ခဲ့ဖူးတဲ့ ပညာမြေပါလား။ ငါ့သူငယ်ချင်းတွေနဲ့ အိပ်မက်အတူမက်ခဲ့ကြတဲ့ ချစ်သူနယ်မြေပါလား ...'

ဆိုတာတွေကို စဉ်းစားရင်း ပြည်လမ်းပေါ်မှာ ကားအသွားအလာ ရှင်း၊ မရှင်း ကြည့်နေမိတယ်။ ကားအသွားအလာ ခပ်ကျဲကျဲဖြစ်ချိန်ကျတော့မှ ပြည်လမ်းကို ကန့်လန့်ဖြတ်ပြီး တစ်ခါတုန်းက လွမ်းမောစရာအတိတ်တွေ ရှိခဲ့ဖူးတဲ့ တက္ကသိုလ်ဘက်ကို ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။

*

တောင်ငူဆောင် စားသောက်ဆိုင်တန်းက အရှည်ကြီးဆိုင်ကိုရောက်တော့ ထီးတွေစိုက်ထားတဲ့အောက်က စားပွဲတစ်ခုမှာ ဝင်ထိုင်တယ်။ ဆိုင်ရှင် ညီအစ်ကို တွေထဲက အငယ်လူ ကိုတင်အောင်က မှတ်မိသလိုလိုအပြုံးနဲ့ ရောက်လာတယ်။

'ဆရာ ... မဟုတ်လား'

'အေး ...၊ မင်းလည်း ဝလို့ပါလား'

'ဆရာ ...၊ ဘာသောက်မလဲ ဆရာ'

'ကျစိမ့်ပဲ လုပ်လိုက်ပါကွာ'

ကိုတင်အောင်က ကျွန်တော့်ကို မှတ်မိတယ်။ လက်ဖက်ရည် လာချရင်း စကားပြောကြတော့ ဟိုတုန်းကအကြောင်းတွေ၊ ဟိုတုန်းက သူ မှတ်မိတဲ့လူတွေ၊

သေသွားတဲ့ ကဗျာဆရာဓောင်းထက်နဲ့ သူငယ်ချင်းတချို့တွေ၊ အခု အပြောင်း အလဲတွေ၊ ကျွန်တော့် ပုံစံက သိပ်ကြီး မပြောင်းသေးတာတွေ ပြောပြီး နှုတ်ဆက်သွားတယ်။ ဒီပတ်ဝန်းကျင်မှာ ထီးမိုးထားတဲ့ စားပွဲခုံတွေချည်း။ ထမင်းစားချိန် မဟုတ်သေးလို့လား၊ ကျောင်းသားနည်းလို့လား မသိ။ လက်ဖက် ရည်ဆိုင်မှာ လူတွေ သိပ်မများလှ။ ဟိုဟိုဒီဒီကြည့်ရင်း ဟိုး ... အဝေးကို စိတ်က ရောက်သွားလိုက်၊ ပစ္စုပ္ပန်ဆီ ပြန်လာလိုက်နဲ့ စိတ်က ဂနာမငြိမ်။ အတိတ်တွေ က အိမ်ဖွဲ့လို့ အသက်ဝင်လာ။

ဒါနဲ့ပဲ အိတ်ထဲမှာပါလာတဲ့ စာအုပ်ကို ဆွဲထုတ်လိုက်တော့ 'ပိတောက် ပွင့်သစ် မဂ္ဂဇင်း' ၂၀၀၈၊ ဇွန်လထုတ်။ ဟိုလှန်ဒီလှန် လှန်ကြည့်နေရင်းက 'နှစ်ပေါင်း ၂၀'ဆိုတဲ့ ခေါင်းစဉ်နဲ့ ကဗျာတစ်ပုဒ်ကို တွေ့လိုက်လို့ အာရုံက အဲဒီ ကို ရောက်သွားတယ်။ ရေးတဲ့သူက 'ချိုတူးဇော်'။

ဒီကဗျာမှာ ကျွန်တော်နဲ့သူ ခံစားမှုတွေ တူညီလေမလား သိချင်ဇောနဲ့ ဆက်ဖတ်ကြည့်လိုက်တယ်။

'နှစ် ၂၀ ဟာ

ဆိုနေကျ သီချင်းလေးတွေ

ဂန္ထဝင်စာရင်းသွင်းခံရဖို့

လုံလောက်တဲ့ ကာလတစ်ခု ဆိုပါစို့။

အဲဒီ တုန်းက

ဒီမြို့ကလေးကို

သူငယ်ချင်းတစ်သိုက် အလှဆင်ဖို့ ကြံစည်ဖူးတယ်

ကြီးကြီးကျယ်ကျယ်ပေါ့

သူတို့မြို့လေး

ရေစီးရေလာ ပိုကောင်းအောင်

လေကောင်းလေသန့် ပိုရအောင်

ပန်းကလေးတွေ ပိုပွင့်အောင်

ပိုလှလာအောင်တဲ့။

ဒီတော့

သူတို့ထက် နှစ် ၂၀ စောတဲ့

ဒီမြို့သားကြီးတစ်ဦးက ရယ်တယ်

မင်းတို့ ဘာပြောပြော

မြို့ဟာ

မြို့သူမြို့သားတွေနဲ့ ထိုက်တန်တဲ့အတိုင်းပဲ နေမှာ

ရယ်ပြီး ပြောတယ်

ပြောပြီး ငိုတယ်

ပြီးတော့ ထွက်သွားတယ်

သူတို့တွေ စိတ်ဆိုးကျန်ခဲ့ရတယ်။

နောက်တော့

သေတချို့
လွင့်တချို့
တချို့တွေ အိမ်ထောင်ရက်သားကျ
သား သမီး
လူမှုဒုက္ခ အထွေထွေမှာ နစ်မွန်းရ
တချို့ကျ မူးယစ်ဆေးဝါးနဲ့ နွံနစ်ကြတယ်။

ဒီလိုနဲ့ပဲ
အနှစ် ၂၀ ကြာသွား
ဆိုနေကျ သီချင်းလေးတွေ ဟောင်းသွားပြန်ပေါ့
ခုခေတ် ကလေးတွေက
သူတို့သီချင်းတွေကို နားမထောင်နိုင်
သူတို့ဆိုတဲ့ သီချင်းတွေကျ ကိုယ်တို့က နားမခံနိုင်
ဒါပေမယ့် ဟစ်ဟော့နဲ့ ရက်ပ်သီချင်းတွေကို
တွင်တွင်ဆိုရင်း
သူတို့သီချင်းဟောင်းလေးတွေထဲက စာသားလေးတွေ
ကြားညှပ်ကြားညှပ် ဆိုကြပြန်
ကြားရတော့
လွမ်းရဆွေးရ မကျေမနပ် မချင့်မရဲဖြစ်ရ

တစ်ချိန်တည်းမှာ ကြည်နူးရ
ပြန်ပြောင်းအောက်မေ့ စားမြို့ပြန်ရ
အဲဒီ လူငယ်လေးတွေက
မြို့ကလေး မလှလို့တဲ့
မြို့ကလေးလှဖို့ ပြောလှာတယ်
ဒီတော့လည်း
ရယ်မိကြပြန်ပေါ့
မျက်ရည်တွေနဲ့ ...။ ။

*

ကျွန်တော် ကဗျာကို ဖတ်နေရင်း အတိတ်ကို လွမ်းစိတ်က ရင်ထဲ လှိုက်တက်လာတယ်။ ကဗျာဟောင်းတစ်ပုဒ်ကိုလည်း ရုတ်တရက် သတိရလိုက်တယ်။ မောင်လေးအောင် ရေးခဲ့ဖူးတဲ့ 'တို့အစ်ကို ဆိုခဲ့ဖူးသော တေးတစ်ပုဒ်' ဆိုတဲ့ကဗျာ။ တစ်လှေတည်းစီးပြီး တစ်ခရီးတည်းသွားခဲ့ကြဖူးတဲ့ အစ်ကိုကြီး တစ်ယောက်ရဲ့ အားမာန်နဲ့ အားပေးစကားသံတွေ နားထောင်ရင်း ခရီးကြမ်း ဖြတ်ခဲ့ကြတာကနေ ပန်းတိုင်ရောက်ခါနီး တော့မှ အဲဒီ အစ်ကိုကြီးက လမ်းပျောက်ပြီး ထွက်ပြေးသွားတဲ့အကြောင်း ရေးထားတဲ့ ကဗျာပါ။

ကျွန်တော်က ချိုတူးဇော်ရဲ့ 'နှစ်ပေါင်း ၂၀'ကဗျာကို ဖတ်ရင်း (မဆီမဆိုင်လို့ ပြောရင်ပြော) မောင်လေးအောင်ရဲ့ ကဗျာကို သတိရလိုက်တာပါ။

မျိုးဆက်ဆိုတာကို သတ်မှတ်ကြတဲ့အခါ အနောက်နိုင်ငံတွေမှာဆိုရင်

နှစ်သုံးဆယ်အကွာထားပြီး သတ်မှတ်လေ့ရှိကြတယ်။ မျိုးဆက်ကွာဟမှုဆိုတာ ကို သဘောထားနဲ့ အပြုအမူ မတူကွဲပြားတဲ့အပေါ် အခြေခံပြီး သုံးနှုန်း တတ်ကြတယ်။ ကျွန်တော်တို့ဆီမှာတော့ အနှစ်နှစ်ဆယ် ဝန်းကျင်လောက် အသက်ကွာသွားရင် နောက်မျိုးဆက်တစ်ဆက်အနေနဲ့ သဘောထားတတ်ကြ ပါတယ်။ မျိုးဆက်အမွေ ဆက်ခံတယ်ဆိုတာဟာ ရှေ့မျိုးဆက်ရဲ့ ယုံကြည်မှု၊ ရင်ခုန်ခံစားမှုနဲ့ ခေတ်ပြိုင်တာဝန်ကို(ခေတ်အခြေအနေ လိုအပ်ချက်နဲ့အညီ) ဆက်ခံကျင့်သုံးခြင်းကို ဆိုလိုတာလို့ ယူဆချင်ပါတယ်။

အဲဒီ လို ကျွန်တော်က ချိုတူးဇော်ရဲ့ ကဗျာကို ဖတ်တာကနေဆက်ပြီး အတွေးနယ်ချဲ့နေတုန်းမှာပဲ ကျွန်တော့်စားပွဲကို လူတစ်ယောက် လာထိုင်ပြီး ကျွန်တော့်နာမည်ခေါ်ရင်း နှုတ်ဆက်ပါတယ်။ ကျွန်တော်နဲ့အတူ တစ်ခါတုန်းက လုပတဲ့အနာဂတ်အိပ်မက် မက်ခဲ့ဖူးတဲ့ မိတ်ဆွေပါ။ အခုတော့ အသားအရေ စိုပြည်ပြီး ဝလို့ဖြိုးလို့။ ကျွန်တော့်လက်ထဲမှာ ဖွင့်ပြီး ကိုင်ထားတဲ့ ကဗျာ စာမျက်နှာကို လှမ်းကြည့်ပြီးတော့ သူက စကားတစ်ခွန်း ထပ်ပြောလိုက်တယ်။ သူ့စကားက မေးခွန်းတိုလေးပါ။

'ခင်ဗျား အခုထိ ဒီလိုကဗျာတွေ ဖတ်နေတုန်းပဲလား'

ကျွန်တော်က သူ့ကို ပြုံးပြီးတော့ ပြန်ကြည့်လိုက်ပါတယ်။

ဩော် ... အနှစ်နှစ်ဆယ်တောင် ကြာခဲ့မှကိုး။ အတိတ်မေ့ ဝေဒနာသည် သူ့လိုလူမျိုးတွေအတွက် မျက်ရည်မဝေမိမှာ အသေအချာ။

**နွယ်နီမဂ္ဂဇင်း၊ စက်တင်ဘာ ၂၀၀၈။**

*

# ကံ့ကော်ရန့်တို့ တောင်ပံခတ်၍ ...



အိပ်စက်ချိန်တွင် မြင်မက်တတ်သော အိပ်မက်နှင့် မအိပ်စက်ပါဘဲ နှင့် မက်နေတတ်သော အိပ်မက်တို့အကြောင်းကို စဉ်းစားနေမိသည်။ မျက်စိ မမှိတ်သော်လည်း စိတ်ထဲ စွဲထင်နေသော စိတ်ကူးအိပ်မက်ကပင် လျှင် အိပ်စက်ချိန်၌ မြင်မက်သောအိပ်မက်ထဲသို့ အရောင်တွေ၊ အရိပ်တွေ နှင့် စိုးမိုးတတ်ပြန်သေးသည်။ စိတ်ကူးအိပ်မက်ထဲမှာတော့ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့က ဆက်စပ်နေတတ်သည်။ အတိတ်က ပစ္စုပ္ပန် ကို အရိပ်ထိုးသောအခါ လူ၏ စိတ်က ထိုပစ္စုပ္ပန်မှနေ၍ သူ့အနာဂတ်၊ လူ့ အဖွဲ့အစည်း အနာဂတ်၊ လောကကြီး၏ အနာဂတ်အတွက် စိတ်ပန်းချီ ခြယ်မှုန်း၍ အတွေးပန်းကုံးသီကာ သင်းရနံ့တို့ ဝင်းပုံ့စေတော့သည်။ တကယ်တမ်းဆိုရလျှင် လူ့စိတ်ဟူသည် တစ်ခါတလေ၌ သာ အနာဂတ်ဆီ သို့ ခြေဆန့်တတ်သော်လည်း

အချိန်အတော်များများမှာမူ အတိတ်နှင့် ပစ္စုပ္ပန်အကြား၌ ခေါက်တုံ့ခေါက်ပြန် စုန်ဆန်ပြေးလွှား နေတတ်ကြ သည်သာ။

ကျွန်တော်တို့ ရီဂျင်နယ်(ဒေသကောလိပ်) ကျောင်းသားဘဝတုန်းကတော့ ကျောင်းပြေးစရာ အကွက်အကွင်းကောင်းကောင်း မရှိခဲ့ကြ။ အတန်းလစ်ပြီး အေးအေးဆေးဆေး စကားပြောစရာ လက်ဖက်ရည်ဆိုင် မရှိခဲ့ကြ။ ဖတ်ချင်သောစာအုပ်တွေကို ငှားယူထိုင်ဖတ်စရာ စာကြည့်တိုက် ဆိုတာလည်း မရှိခဲ့ကြ။ ဒီတော့လည်း ဗိုလ်တထောင်ဘုရားပရဝဏ်ထဲမှာ သွားထိုင်နေကြသည်။ ဗိုလ်တထောင် ကမ်းနားဘက် ဆိပ်ခံ ဘောတံတား (jetty)ပေါ်မှာ သွားထိုင်ရင်း ရန်ကုန်မြစ်တွင်းက ရှုခင်းကိုငေးသည်။ တစ်ခါ တလေ ရပ်ရှင်သွားကြည့်သည်။ အဖော်ကောင်းလျှင် ညောင်တန်းဆိပ်မှ သီတာသင်္ဘောစီးပြီး သန်လျင်(တညင်)ဘက်သို့ကူးကာ ထန်းရည်သွားသောက် သည်။ ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာ တညင်သား၊ ခရမ်းသားတွေ ပါသည်။ တညင်မြို့ပေါ်က ဘယ်နေရာမှာ ထန်းရည်ကောင်းကောင်း ရတတ် တာကို သူတို့ သိသည်။ သူတို့ကတော့ ဒေသကောလိပ် ပထမနှစ်နှင့် ဒုတိယနှစ်တွင် တွဲခဲ့ကြပြီး ကဗျာစာအုပ် စုထုတ်ခဲ့ကြသော သူငယ်ချင်းတွေ ထဲမှ တချို့ဖြစ်သည်။

ကျွန်တော် ဆယ်တန်းအောင်သည့်နှစ်က ၁၉၇၆။ ဆယ်တန်းကို တစ်နှစ် ကျပြီးတော့မှ အောင်ခြင်း ဖြစ်သည်။ ၁၉၇၅ ခုနှစ်ကသာ ဆယ်တန်းအောင် ခဲ့လျှင် ကျွန်တော်သည် ဒေသကောလိပ် ပညာရေးစနစ်နှင့် မိမည်မဟုတ်။ တက္ကသိုလ်သို့ တိုက်ရိုက်တက်ခွင့်ရမည်။ ကျွန်တော် ဆယ်တန်းအောင်သည့် အမှတ်ပေါင်းကိုကြည့်ပြီး ဘီအီးဒီ(ပညာရေးတက္ကသိုလ်)နှင့် အီကို(စီးပွားရေး တက္ကသိုလ်)သို့ ရောက်နိုင်သည်။ ကျိန်းသေတာကတော့ ရန်ကုန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘာသာတွဲတစ်ခုခုကို မေဂျာဘာသာအဖြစ်ယူပြီး တက္ကသိုလ်ကျောင်းသား တိုက်ရိုက်ဖြစ်သွားမည်။ သို့သော် ဆယ်တန်း တစ်နှစ်ကျပြီးတော့မှ အောင်ခဲ့သဖြင့် တက္ကသိုလ်ကျောင်းသား ချက်ချင်းမဖြစ်

တော့ဘဲ ဒေသကောလိပ်ကျောင်းသား ဖြစ်လာခဲ့သည်။ ဒေသကောလိပ်မှာ နှစ်နှစ်တက်ပြီးတော့မှပဲ တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ရသည်။ မြန်မာစာ အဓိကဖြင့် တတိယနှစ်နှင့် စတုတ္ထနှစ်(နောက်ဆုံးနှစ်)ကိုတက်ပြီး ဘွဲ့တစ်ခု ရသည်။ ဝိဇ္ဇာ(B.A.)(Burmese)ဖြစ်သည်။ အဲဒီ တုန်းက B.A.(Myanmar) ဘွဲ့ပေးသောခေတ် မဟုတ်သေးပါ။

ကျွန်တော်က ကိုးတန်း၊ ဆယ်တန်းမှာကတည်းက ဝိဇ္ဇာတွဲဖြစ်သည်။ ဆယ်တန်း ပထမနှစ်က ၁၉၇၄-၇၅ စာသင်နှစ်။ ဆယ်တန်း ဒုတိယနှစ်က ၁၉၇၅-၇၆ စာသင်နှစ်။ ၁၉၇၆ မှာ ဆယ်တန်းအောင်သည်ဟု ဒါကြောင့် ပြောခဲ့ခြင်း ဖြစ်သည်။ ၁၉၇၆-၇၇ တက္ကသိုလ်စာသင်နှစ်အတွက် ဆယ်တန်း အောင်ပြီးသူတွေ တက္ကသိုလ်တက်ဖို့ စောင့်နေကြရသည်။ တစ်နှစ်လောက် စောင့်နေရပြီးတော့မှ တစ်နိုင်ငံလုံးတွင် အလျှိုလျှိုပေါ်လာသော ဒေသကောလိပ် မှာ တက်ရတော့သည်။ ကျွန်တော်တက်ရသော အမှတ်(၁) ဒေသကောလိပ် မှာ ဗိုလ်တထောင်ဘုရားလမ်းတွင် လုပ်သားများကောလိပ် ဖွင့်ထားသော အဆောက်အအုံ ဖြစ်သည်။ ကျွန်တော်တို့ ဒေသကောလိပ်ကျောင်းသားတွေ က မနက်ပိုင်းတက်ကြပြီး ညနေပိုင်းတွင် လုပ်သားများကောလိပ်မှ ကျောင်းသား တွေ လာတက်ကြရသည့်ကျောင်း ဖြစ်သည်။ ဒေသကောလိပ်ကျောင်းသား ဘဝမှာ ပျော်စရာကောင်းခဲ့သလားဟု ပြန်စဉ်းစားကြည့်မိသည်။ တက္ကသိုလ် ဘဝမှာတော့ ပျော်စရာကောင်းခဲ့တာက သေချာသည်။ အထူးသဖြင့် စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေနှင့် ကျောင်းပတ်ဝန်းကျင် အငွေ့အသက်တွေကြောင့်လည်း ပါမည်။ သို့သော် ဒေသကောလိပ် ပထမနှစ် နှင့် ဒုတိယနှစ်ကျောင်းသားဘဝက ပျော်စရာကောင်းခဲ့ပါသလား။ ပြန်စဉ်းစား ကြည့်တော့ မိတ်ဆွေ သူငယ်ချင်းတွေမျက်နှာ တချို့က ဝိုးတိုးဝါးတားပဲ ပေါ်တော့သည်။ ဆယ်တန်းအောင်ပြီးစ နုငယ်ပျိုမျစ်သော မျက်နှာတွေက ခုတော့ … ဝိုးတဝါး။ ပြောခဲ့ဆိုခဲ့ကြသော စကားတွေကိုတော့ မမှတ်မိနိုင်။ ကျန်သော

လှုပ်ရှားပြုမူပုံများကလည်း ဆေးပြယ်သွားသောဓာတ်ပုံကို ကြည့် ရသလို။ မှတ်မိနေသည်ကတော့ ကဗျာစာအုပ်လေးတွေ စုပေါင်းရေးသားပြီး ထုတ်ဝေခဲ့ကြတာကို မှတ်မိသည်။ တစ်အုပ်က 'ရင်ခုန်သံ'။ ငယ်ရွယ်နုနယ် သူတို့၏ အချစ်ကဗျာများ ဖြစ်သည်။

ဒုတိယစာအုပ်ကလည်း အချစ်ကဗျာတွေပဲ ဖြစ်သည်။ ကဗျာစာအုပ် နာမည်က 'သမုဒယ'ဆိုတာနှင့်စတာပဲ မှတ်မိတော့သည်။ အဲဒီ တုန်းက တစ်တန်းတည်းသားတွေထဲမှ ပေါင်းမိကြသူတချို့စုပြီး တစ်ယောက်ကို ကဗျာ တစ်ပုဒ်၊ နှစ်ပုဒ်စီရေးပြီး စာအုပ်လေးတွေ ထုတ်ခဲ့ကြတာဖြစ်သည်။ ကျွန်တော် တို့ အတန်းထဲမှ နောက်တစ်အုပ်စုကလည်း ကဗျာစာအုပ် ထုတ်ကြသေးသည်။ 'အလွမ်းပြေ'တဲ့။ သူတို့ကဗျာစာအုပ်ကို ကျွန်တော်တို့ဆီ လက်ဆောင်ပေး သည်။ ကျွန်တော်တို့ကလည်း သူတို့ကို လက်ဆောင်ပြန်ပေးပြီး ဖလှယ် ဖတ်ကြသည်။ သူတို့ကဗျာစာအုပ်က ကျွန်တော်တို့စာအုပ်ထက် အပြင်အဆင် သပ်ရပ်ပြီး ကဗျာတွေက ပိုကောင်းသည်။ အချစ်ကဗျာချင်း အတူတူတွင် သူတို့ကဗျာတွေက ပိုရင့်ကျက်တာကို သတိပြုမိသည်။ ကျွန်တော်တို့အုပ်စု ထက် အသက်က နည်းနည်းပိုကြီးကြပြီး အတွေ့အကြုံတွေ ရှိခဲ့ကြခြင်း ကြောင့် ဖြစ်မည်ထင်သည်။

ကျွန်တော်တို့ ဒေသကောလိပ် ပထမနှစ်မှာ နိုင်ငံရေးသိပ္ပံဘာသာရပ် ကို သင်ရသည်။ ဒေသကောလိပ် တက်ရခါနီး တုန်းက 'ဒေသကောလိပ်ဝင်ခွင့် လမ်းညွှန်' စာအုပ်ထဲ၌ ပထမနှစ်တွင် သင်ရမည့် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို စိတ်ဝင်စားခဲ့သည်။ ကျွန်တော့်ရပ်ကွက်ထဲမှ လုပ်သားများကောလိပ် ကျောင်း သားကြီးတစ်ယောက်က 'ဝင်ခွင့်လမ်းညွှန်'စာအုပ်ကို ဖတ်ကြည့်ပြီး 'ပေါ်လတီ ကယ် ဆိုင်းယင့် (Political Science) ဆိုရင် ဟိုတုန်းက တက္ကသိုလ်တွေမှာ သင်ခဲ့တဲ့ဟာမျိုးကွ။ အဲဒါ သင်ရရင် ကောင်းတယ်။ ငါတောင် အတန်း လိုက်တက်ချင်သေးတာ'ဟု သဘောကျစိတ်၊ သရေတမြားမြားလေသံဖြင့် ပြောခဲ့သေးသည်။ ကိုယ့်ထက် အသက်လည်းကြီး၊ အတွေ့အကြုံလည်းရှိ၊

စာလည်းဖတ်ပြီး ပညာလည်းပိုတတ်သော အဲဒီ အစ်ကိုကြီး ပြောစကားကြောင့် ကျွန်တော်လည်း နိုင်ငံရေးသိပ္ပံဘာသာရပ်ကို စိတ်ဝင်စားနေခဲ့မိသည်။ အဲဒီ အရွယ်တုန်းက နိုင်ငံရေးအကြောင်း သိ၍ လည်း မဟုတ်။ နိုင်ငံရေးကို စိတ်ဝင်စား၍ လည်း မဟုတ်ပါ။ ကုန်းဘောင်ခေတ်နှောင်းပိုင်းနှင့် လွတ်လပ်ရေး လှုပ်ရှားမှုအကြောင်း ရေးထားသောစာအုပ် တချို့တလေကိုတော့ ဖတ်ဖူးပါ သည်။ ဖတ်ဖူးရုံ ဖတ်ဖူးခဲ့ခြင်းသာဖြစ်ပြီး လေးနက်မှု မရှိသေးပါ။ သမိုင်း ဖြစ်ရပ်ကို ဗဟုသုတရဖို့ အမြင်လောက်နှင့် ဖတ်ခဲ့ခြင်းဖြစ်သည်။ ဝတ္ထုတွေ ဖတ်ရတာ ကို ပျင်းရိငြီးငွေ့လာပြီး သမိုင်းစာအုပ်ဘက်သို့ လိုင်းပြောင်းဖတ် ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ သမိုင်းကိုဖတ်ပြီး နှိုင်းယှဉ်စဉ်းစားခြင်း၊ ဆင်ခြင် ခြင်း၊ သုံးသပ်ခြင်းတွေ မလုပ်နိုင်သေးသော အရွယ်လည်း ဖြစ်သည်။ ဝါသနာ ရင့်သော စာဖတ်သမားဟူ၍ တစ်ယောက်တလေမျှ ဆက်စပ်ပတ်သက်မိခြင်း မရှိသေးသောအရွယ်လည်း ဖြစ်သည်။ အခုနပြောသော အစ်ကိုကြီးနှင့်လည်း အဲဒီ တစ်ခါပဲ ဆုံမိသေးသည်။ သူက စာဖတ်ဝါသနာပါသော ရုံးဝန်ထမ်း တစ်ဦး ဖြစ်တာကိုတော့ အဲဒီ တုန်းကမှပဲ သိခဲ့ရသည်။ နောက်ထပ် ထပ်၍ မဆုံဖြစ်ကြပါ။ ရပ်ကွက်ထဲမှ ပြောင်းသွားသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့ ဒေသကောလိပ် ပထမနှစ်တက်သောအခါ နိုင်ငံရေးသိပ္ပံ အချိန်တွင် ဆရာလာသင်တော့မှပဲ နိုင်ငံရေးသိပ္ပံဆိုတာ ဘယ်လိုဟာလဲဆိုတာ ကို သိရတော့သည်။ ပထမနှစ်တွင် ကျွန်တော်က နိုင်ငံရေးသိပ္ပံကို ဂုဏ်ထူး ဖြင့် အောင်သည်။ ကျွန်တော့်လို ဂုဏ်ထူးထွက်သူတွေက ကျောင်းသား ကျောင်းသူ အားလုံးနီးပါးဖြစ်သည်။ မေးခွန်းပုံစံက ဓမ္မဓိဋ္ဌာန်မေးခွန်းပုံစံ ဖြစ် သည်။ မေးခွန်းထဲမှာပင် ထပ်၍ ရွေးချယ်စရာတွေ ပါသေးသည်။ သဘော တရားပိုင်းနှင့် သမိုင်းပိုင်းဟု ထင်သည်။ ကျွန်တော်က သမိုင်းတွေကို ဖတ်ဖူး မှတ်ဖူးသောကြောင့် အလွယ်တကူဖြေနိုင်ပြီး ဂုဏ်ထူးပါထွက်ခဲ့ခြင်း ဖြစ်သည်။ ကျိန်းသေတာကတော့ ကျွန်တော် တော်၍ ဂုဏ်ထူးထွက်ခြင်း မဟုတ်။ အားလုံးဖြေနိုင်အောင် မေးခွန်းကို

လွယ်လွယ်လေး မေးထားသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့သင်ခဲ့ရသော နိုင်ငံရေးသိပ္ပံကတော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ သဘောတရား (နိုင်ငံရေးသိပ္ပံ) ဖြစ်သည်။ တက္ကသိုလ် နောက်ဆုံးနှစ်အထိလည်း ထိုနိုင်ငံရေးသိပ္ပံဘာသာရပ်က မယူမနေရဘာသာတွဲ ဖြစ်ခဲ့သည်။ ခြွင်းချက်တစ်ခုတော့ ပြောစရာရှိသည်။ ပထမနှစ်တွင် ပီအက်စ် (PS)ကိုသင်ရသော်လည်း ဒုတိယနှစ်တွင် လုံးဝမသင်ခဲ့ရပါ။ ဒုတိယနှစ်တွင် ဒေသ ကောလိပ်ကျောင်းသားအားလုံးက လုပ်ငန်းအတတ်ပညာရပ် တစ်ခုခုကို တက်ကြရပြီး လုပ်ငန်းအုပ်ချုပ်မှုပညာ(Business Management)ကိုလည်း မယူမနေရ ယူရသောကြောင့် ဖြစ်မည်ထင်ပါသည်။ ထိုအချိန်က ဒေသကောလိပ် ပညာရေးရည်မှန်းချက်မှာ ပညာရေးနှင့် ကုန်ထုတ်လုပ်ရေးကို ဆက်စပ်ပေးမည့် ပုံသဏ္ဍာန်မျိုး အသွင်ယူထားပြီး ဆောင်ပုဒ်မှာ 'ဒေသတိုးတက် ပြည်ကျိုး တွက်တည့်'ဟူ၍ ဖြစ်သည်။ ပြည်နယ်နှင့် တိုင်း မြို့ကြီးအတော်များများတွင် ဒေသကောလိပ်တွေ ပေါ်လာသောအခါ မူလတုန်းက တက္ကသိုလ်တွေမှာသာ စုမိနေသော ကျောင်းသားတွေသည် ဒေသအနှံ့အပြားသို့ ပြန့်ထွက်သွားတော့ သည်။ ယူနီဗာစတီတွေ အများကြီးပေါ်လာသလို ဖြစ်လာခဲ့တော့သည်။ ဒီကနေ့ ခေတ်တွင် တက္ကသိုလ်တွေ အများကြီးရှိလာခြင်း၏ အမြုတေဟုပင် ဆိုရမည် ထင်သည်။

ပထမနှစ်တုန်းက တစ်တန်းတည်း၊ တစ်ခန်းတည်း တက်ခဲ့ကြသူများ သည် ဒုတိယနှစ်သို့ ရောက်သောအခါ ရွေးချယ်မှုအရ၊ အမှတ်အခြေအနေ အရ ကွဲသွားကြတော့သည်။ ကျွန်တော်တို့လို ဝိဇ္ဇာရိုးရိုးအတန်းသားတွေထဲ မှ တချို့က ရုံးလုပ်ငန်း၊ တချို့က ပုံနှိပ်လုပ်ငန်းအတတ်ပညာ၊ တချို့က ရုပ်ရှင်လုပ်ငန်းအတတ်ပညာ၊ တချို့က လူထုဆက်သွယ်ရေး အတတ်ပညာ၊ တချို့က ...။ ဒုတိယနှစ်တွင် သင်ရသော လုပ်ငန်းအတတ်ပညာတွေထဲမှာ အမှတ်ကောင်းမှ တက်ခွင့်ရတာ ရှိသည်။ လျှောက်လိုက်ရုံနှင့် ရတာ ရှိသည်။ ထိုအခါတွင် ဝါသနာနှင့် ရွေးချယ်မှု၊ တက္ကသိုလ်တက်ချိန်တွင် အထောက် အကူဖြစ်စေဖို့ ရည်မှန်းချက်နှင့်

ရွေးချယ်မှု၊ စာမေးပွဲအောင်ဖို့ လွယ်ရင်ပြီးရော ဆိုသော အဆင်ပြေရာရွေးချယ်မှုတို့က ပါဝင်လာသည်။ ကျွန်တော်ကတော့ သတင်းစာပညာကို စိတ်ဝင်စားသောကြောင့် လူထုဆက်သွယ်ရေး အတတ် ပညာကို ရွေးလျှောက်သည်။

လူထုဆက်သွယ်ရေး ပညာရပ်ကို ဒုတိယနှစ်တွင် တက်ခွင့်ရသော အခါ ဒေသ(၂)မှ ကျောင်းသူ ကျောင်းသားတွေလည်း ကျွန်တော်တို့ ဒေသ(၁) သို့ လာတက်ရသည်။ ကျွန်တော်တို့က ဒေသကောလိပ် ပထမအသုတ် ဖြစ်သည်။ လူထုဆက်သွယ်ရေးကို ဒေသ(၁)မှာပဲ သင်ပြီး ရုပ်ရှင်လုပ်ငန်း အတတ်ပညာကိုတော့ ဒေသ(၂)မှာပဲ သင်ပေးခဲ့တာကို မှတ်မိသည်။ ဒေသ(၂) မှ လူထုဆက်သွယ်ရေး အတတ်ပညာ လာတက်ကြသူတွေထဲမှာ စာပေ စိတ်ဝင်စားသူတွေ၊ နိုင်ငံရေးစိတ်ဝင်စားသူတွေ ပါလာသည်။ အဲဒီ နှစ်က လူထု ဆက်သွယ်ရေးလုပ်ငန်း အတတ်ပညာ၏ အတွင်းရေးမှူးမှာ ဦးသိန်းအောင် ဖြစ်သည်။ သူ့အလုပ်က ရုံးခန်းမှာနေပြီး ဌာနဆိုင်ရာမှ စာလာသင်ပေးသော ပညာရှင်များ အဆင်ပြေအောင်၊ ကျောင်းသားကျောင်းသူများ အဆင်ပြေ အောင် တာဝန်ခံ ဆောင်ရွက်ပေးရသည်ဟု သိရသည်။ ကိုသိန်းအောင်က ကျောင်းပြီးတာ သိပ်မကြာသေးဟု ထင်သည်။ အလွန်ဆုံးရှိမှ အသက် အစိတ်လောက် ဖြစ်မည်။ သူက စာပေကို စိတ်ဝင်စားသူ ဖြစ်သည်။ လုပ်ငန်း အတတ်ပညာ၏ သဘာဝ ကလည်း စာပေနှင့် နီးစပ်ကျွမ်းဝင်မှ ဖြစ်သော လူထုဆက်သွယ်ရေး။ ထိုအခါတွင် လူထုဆက်သွယ်ရေး အတတ်ပညာက နံရံကပ်စာစောင်ထုတ်ဖို့ ဖြစ်လာသည်။ နံရံကပ်စာစောင် ထုတ်ဖို့အတွက် ကိုသိန်းအောင်က ကျောင်းသားကျောင်းသူတချို့နှင့် ညှိနှိုင်းပြီး စာမူတောင်း သည်။ လူထုဆက်သွယ်ရေးသင်တန်းသား အများစုကလည်း စာပေစိတ်ဝင် စားသူတွေ ဖြစ်သည်။ သင်သော ဘာသာရပ်တွေကလည်း သတင်းစာ၊ အသံလွှင့်၊ ပြန်ကြားရေး၊ စာကြည့်တိုက်ပညာရပ်တွေဆိုတော့ စာပေနှင့် လုံးဝ ဆက်စပ်နေသည်။ ထိုအခါတွင်

ကျောင်းသူကျောင်းသားတွေ၏ လက်စွမ်းပြ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာညွှန့်နှင့် ကာတွန်းတွေက နံရံကပ်စာစောင် ပေါ်သို့ ရောက်လာသည်။
ကိုသိန်းအောင်ကိုယ်တိုင်လည်း သိန်းအောင် (ဗန်းမော်) ကလောင်နာမည်ဖြင့် စာဝင်ရေးသည်။ အတန်းထဲမှာ နဂိုက မျက်မှန်းတန်းမိနေသော်လည်း စကားမပြောဖူးသူများက နံရံကပ်စာစောင်နှင့် ပတ်သက်ပြီး နှုတ်ဆက်ကြ၊ စကားပြောကြ၊ ခင်မင်ရင်းနှီးလာကြတာမျိုးတွေ ရှိလာသည်။ ပထမဆုံး နံရံကပ်စာစောင်တွင် ကျွန်တော်က ဝတ္ထုတိုရေးသည်။ နံရံကပ်စာစောင်ကို ဖတ်နေကြရင်းမှာပင် ကိုမေဓာဆိုသူနှင့် ဝေဖန်ရေး လေကန် ရေး စကားတွေ ပြောဖြစ်ပြီး ခင်မင်သွားခဲ့သည်။ ကျွန်တော်နှင့် ခင်မင်သွား သော နောက်တစ်ယောက်က ကိုအေးဝင်းအောင်ဖြစ်သည်။ သူကလည်း ဒေသ (၂) မှ လာသော ကျောင်းသား။ ဆရာဦးစိုးသိမ်း(မောင်ဝံသ)က လက်တွေ့ ဆောင်းပါးရေးခိုင်းသော ဆောင်းပါးတွေထဲမှ သူ သဘောကျသော ဆောင်းပါး နှစ်ပုဒ် ရေးသူတွေကို အတန်းရှေ့ထွက်ပြီး ဖတ်ခိုင်းချိန်တွင် လူနှင့်နာမည်ချင်း တွဲမိသွားပြီး နောက်ပိုင်းတွင် နှုတ်ဆက်ကြ၊ စကားပြောကြရာမှ ခင်မင်သွားခဲ့ ခြင်း ဖြစ်သည်။ ကျွန်တော့်ဆောင်းပါးက ဒိုင်ယာလော့(အချေအတင် ဆွေးနွေးဟန်)ဖြင့်ရေးသော ဆောင်းပါးဖြစ်ပြီး သူ့ဆောင်းပါးက ပြန်ပြောပြဟန် (Retold) ဖြင့် ရေးသော ဆောင်းပါးဖြစ်သည်။ ဆရာမောင်ဝံသက နာမည် ခေါ်ပြီး အတန်းရှေ့ထွက်ဖတ်ခိုင်းတော့ ကျွန်တော့်ရေးဟန်က ဖတ်ရခက်နေ သည်။ လူနှစ်ယောက် အချီအချပြောနေပုံကို တစ်ယောက်တည်းက ဖတ်ပြ နေရတာ က အဆင်မပြေလှ။ ဒါကြောင့် တစ်ဝက်တစ်ပျက်နှင့် ဖတ်ပြနေ တာကိုရပ်ကာ ဆရာ့ကိုခွင့်ပန်ပြီး ကိုယ့်နေရာကိုယ် ပြန်ထိုင်နေလိုက်သည်။ ပြီးတော့ ကိုအေးဝင်းအောင်၏ နာမည်ကို ဆရာကခေါ်တော့ သူက အတန်းရှေ့ ထွက်လာသည်။ စာသင်သော စင်မြင့်ပေါ်ရောက်တော့ သူ ရေးထားသော ဆောင်းပါးကို ဆရာက သူ့လက်ဆီသို့ ကမ်းပေးသည်။ လူပုံက ခပ်ပိန်ပိန်၊ တိုက်ပုံအကျႌနှင့် မျက်မှန်နှင့်။ မျက်နှာထားက ပရိသတ်ကို ဂရုမစိုက်သည့် ပုံနှင့်။

သူ့ဆောင်းပါးက ကိုယ်တိုင်ပြန်ပြောပြဟန်နှင့် ရေးထားသောကြောင့် လေယူလေသိမ်း၊ အဖြတ်အတောက်တွေက နားထောင်နေရသူတွေအတွက် အဆင်ပြေသည်။ ဆောင်းပါးဖတ်ပြပြီးသွားသောအခါ ခေါင်းငုံ့ဖတ်နေသော မျက်နှာကို ပြန်မော့ကာ အတန်းသားတွေဆီသို့ ပြုံးပြသည်။ သူ ဆောင်းပါး ဖတ်နေတာကို နားထောင်နေသော ဆရာမောင်ဝံသက သူ့ကို မေးခွန်းတစ်ခု မေးသည်။

'ခင်ဗျား သင်္ကြန်ကားတွေ၊ ဘာတွေ လိုက်ဖူးသလား'

'မလိုက်ဖူးပါဘူး ဆရာ၊ ဘာဖြစ်လို့လဲ'

'ပရိသတ်ကို မကြောက်တဲ့ပုံစံမျိုး တွေ့ရလို့ပါ'

သူက ဆရာ့ကို ဦးညွတ်ပြုံးပြပြီး စာသင်စင်မြင့်ပေါ်မှ ဆင်းလာသည်။ ကျွန်တော့်အလှည့်တုန်းက အတန်းသား ပရိသတ်တွေကို ကြောက်စိတ်ဖြစ်ခဲ့ သည်။ သူ့ပုံစံကတော့ ဘယ်သူ့ကိုမှ ထီမထင်သည့်ပုံမျိုး။ အတန်းအားနေ သည့် အခါမျိုးတွင် စာအုပ်တစ်အုပ်အုပ် ထိုင်ဖတ်နေတတ်တာမျိုးကိုလည်း တွေ့ရသည်။ စာသင်နှစ် နှစ်ဝက်လောက်ရောက်တော့ ကိုအေးဝင်းအောင်၊ ကိုမေဓာတို့သာမက ကိုတင့်လွင်ဆိုသော ဒေသ(၂)မှ ကျောင်းသားနှင့်ပါ ခင်မင်ရင်းနှီးသွားကြသည်။ တစ်ခါတလေ သူတို့သုံးယောက်နှင့်အတူ လက် ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြရင်း စာအကြောင်း ပေအကြောင်း ရောက်သည်။ သမိုင်းနှင့်ပတ်သက်၍ တို့ကာထိကာ ပြောဖြစ်ကြသည်။ နိုင်ငံတကာ တော်လှန်ရေးတွေအကြောင်း၊ တော်လှန်ရေးခေါင်းဆောင်တွေအကြောင်း ပြော ဖြစ် ဆိုဖြစ်ကြသည်။ များသောအားဖြင့် ကျွန်တော်က နားထောင်သမား သက်သက်။

တစ်ရက်မှာတော့ ကျောင်းမှအပြန် ကိုအေးဝင်းအောင်နှင့်အတူ ကား မှတ်တိုင်ဆီသို့ လမ်းလျှောက်လာရင်း စကားတွေပြောလာခဲ့ကြသည်။ မိုးလယ် ပိုင်း ကာလ။ ဗိုလ်တထောင်ဘုရားလမ်းမပေါ်မှာ မိုးရေတွေရှိနေသည်။ မီးပွိုင့် ကိုဖြတ်ပြီး

ပလက်ဖောင်းအတိုင်း မဟာဗန္ဓုလလမ်းဘက်သို့ ဆက်လျှောက် လာကြသည်။ မိုးက တဖွဲဖွဲကျနေတာကြောင့် ထီးလေးတွေ ကိုယ်စီဆောင်းလို့။

မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်လမ်းထောင့် မီးပွိုင့်ရောက်တော့ ၅၂ လမ်းဘက်ကို ချိုးကွေ့လိုက်သည်။ ကိုအေးဝင်းအောင်က ကျွန်တော့်ကို ပြောသည်။

'ခင်ဗျားကို ကျွန်တော့်အစ်ကိုသူငယ်ချင်းတွေ စုဖွင့်ထားတဲ့ စာအုပ်အငှားဆိုင်ကို ခေါ်သွားမလို့၊ လိုက်မယ်မဟုတ်လား'

ကျွန်တော်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော်တို့ နှစ်ယောက် ဆက်လျှောက်လာပြီး ၅၂ လမ်း မရောက်ခင် သူ့ခြေလှမ်းက တုံ့ သွားသည်။ အခန်းတစ်ခုရှေ့မှာရပ်ပြီး လှေကားနှစ်ထစ် သုံးထစ်ရှိသော မြေညီ ထပ် အခန်းသို့ တက်ဖို့ပြင်သည်။ ကျွန်တော်လည်း သူ မျက်နှာမူလိုက်သော အခန်းကို လှမ်းကြည့်သည်။ အခန်းဝမှာ ဆိုင်းဘုတ်ကလေးတစ်ခုကို မြင်ရ သည်။ 'အမေ့အိမ်'

ကိုအေးဝင်းအောင်က လှေကားထစ်တွေပေါ် တက်သွားသောအခါ ကျွန်တော်လည်း နောက်မှလိုက်တက်သည်။ အခန်းဝရောက်တော့ အထဲဘက်သို့ မျက်စိက အလိုလိုရောက်သည်။ စာအုပ်တွေ အကန့်လိုက်၊ အကန့်လိုက် စီပြီးထားတာကို တွေ့ရသည်။ အခန်းထဲမှ လူတစ်ယောက်က ကိုအေးဝင်းအောင် ကို ပြုံးပြီး နှုတ်ဆက်သည်။

'ကျောင်းကပြန်လာတာလား'

နှုတ်ဆက်လိုက်သူက အသက် အစိတ်လောက် ရှိမည်။ အသား ခပ်လတ်လတ်၊ မျက်မှန်နှင့်၊ အရပ်က ငါးပေခြောက်လက်မကျော်လောက် ရှိသည်။ အခန်းအထဲဘက်မှာ သူနှင့် အသက်မတိမ်းမယိမ်းရှိမည့် လူနှစ်ယောက် ကို လှမ်းတွေ့ရသည်။ စားပွဲခုံမှာထိုင်ပြီး စကားပြောနေပုံရသည်။

'ဟုတ်တယ်ဗျ၊ ကျွန်တော့်မိတ်ဆွေကိုလည်း ခင်ဗျားတို့စာအုပ်ဆိုင်ကို

ပြရင်းနဲ့'

သူက ကျွန်တော့်ဘက် တစ်ချက်လှည့်ရင်း ပြောသည်။ ပြီးတော့ မိတ်ဆက်ပေးသည်။

'သူက ကိုအောင်မင်း၊ ကျွန်တော့်အစ်ကိုရဲ့ သူငယ်ချင်း၊ သူတို့ သူငယ်ချင်းတွေစုပြီး ဒီစာအုပ်အငှားဆိုင်ဖွင့်ကြတာ၊ ကိုအောင်မင်း ...၊ သူက တော့ ကိုခိုင်မျိုးဇော်တဲ့'

ကိုအောင်မင်းက ခါးကို အနည်းငယ်ညွတ်လိုက်ပြီး ခေါင်းကို တစ်ချက် ညိတ်ကာ ပြုံးရင်းပြောသည်။

'ဟုတ်ကဲ့ ...၊ ဖတ်ချင်တဲ့စာအုပ်ရှိရင် အချိန်မရွေးလာခဲ့ပါ။ ကိုအေးဝင်း မပါလည်း လာခဲ့လို့ရပါတယ်'

ကျွန်တော်ကလည်း သူ့လိုပဲ ခါးအနည်းငယ်ညွတ်ပြီး ပြုံးပြလိုက်သည်။ စိတ်ထဲမှာတော့ ဒီလူက အတော့်ကို ယဉ်ကျေးဖော်ရွေတဲ့သူပဲဟု မှတ်ချက် ချမိသည်။

'ဟုတ်ကဲ့ခင်ဗျာ့'

ကျွန်တော်က စာအုပ်တွေဘက်သို့ မျက်နှာလှည့်သည်။ အခန်းက အတန်ငယ်ကျယ်သည်။ အခန်းဝင်ပေါက် တံခါးတွေဘက်မှလွဲ၍ ကျန်သော နံရံများတွင် စင်တွေရိုက်ထားပြီး စာအုပ်တွေကို အကန့်လိုက်ခွဲစီထားသည်။ အကန့်တစ်ကန့်စီတွင် စာရေးဆရာတစ်ယောက်ချင်းစီ၏ စာအုပ်များ၊ စာအုပ် အနောက်တွင် စာရေးသူ၏ နာမည်နှင့် စာအုပ်နာမည်ရှိသည်။ အကန့်တစ်ခုစီ ၏ ရှေ့နားတွင် ကတ်ပြားလေးတစ်ခုစီကို ကြိုးနှင့်ချည်၍ ချိတ်ထားသည်။ ထိုအကန့်အတွင်းမှာရှိသော စာအုပ်နာမည်များ ဖြစ်သည်။ ကျွန်တော်က စာအုပ်တွေကို လိုက်ကြည့်ပြီး သဘောကျနေသည်။ ကိုယ်ဖတ်ဖူးသော စာရေး ဆရာ၏ စာအုပ်များစာရင်းကို ကတ်ပြားပေါ်မှာ လိုက်ဖတ်ရင်း မဖတ်ဖူးသေး သော စာအုပ်နာမည်တွေကို စိတ်ထဲမှာ တေးမှတ်ထားသည်။ စာရေးဆရာ ပေါင်းစုံ၏

နာမည်ကြီးစာအုပ်တွေ အတော်များများ တွေ့ရသည်။ ပင်ကိုရေး တွေရော၊ ဘာသာပြန်တွေပါ တွေ့သည်။ ကျွန်တော်က စာအုပ်တွေကို လိုက်ကြည့်နေချိန်တွင် ကိုအောင်မင်းနှင့် ကိုအေးဝင်းအောင်တို့က စကားပြော နေရစ်ကြသည်။ ကျွန်တော်နေထိုင်သောရပ်ကွက်နှင့် မြို့နယ်ထဲတွင် စာအုပ် အငှားဆိုင်တွေတော့ ရှိသည်။ ဒီလောက်အထိတော့ စာအုပ်မစုံ။ ဒီလို စာအုပ်ကောင်းတွေ မရှိ။ ကျွန်တော် ငှားဖတ်လေ့ရှိသော စာအုပ်ဆိုင်မှာ လစဉ်ထွက်သမျှ စာအုပ် အတော်များများကိုတော့ ဝယ်တင်သည်။ မဂ္ဂဇင်း တွေလည်း လစဉ် ဝယ်တင်သည်။ သို့သော် ဒီစာအုပ်ဆိုင်မှာလို ကျွန်တော် ဖတ်ချင်သော စာအုပ်များများစားစား ရှိလှသည်မဟုတ်။ ကျေနပ်သဘောကျ စိတ်ဖြင့် အခန်းထဲမှာရှိသော စာအုပ်တွေကို လျှောက်ကြည့်နေစဉ် သူတို့ နှစ်ယောက်က ကျွန်တော့်အနားသို့ လာရပ်သည်။ ကိုအေးဝင်းက ပြောသည်။

'ဖတ်ချင်တဲ့ စာအုပ်တွေ့ရင် ငှားသွားပါလားဗျ'

ကျွန်တော်က သူ့ကို ပြုံးပြလိုက်သည်။ ကိုအောင်မင်းက သူ့ရှေ့ဘက် နားရှိ စာအုပ်စင်ထဲမှ စာအုပ်တစ်အုပ်ကို လှမ်းယူသည်။ ပြီးတော့ ကျွန်တော့် ဘက်သို့ လှည့်ပြီး သူ့လက်ထဲမှ စာအုပ်ကို ကျွန်တော့်ရှေ့ဘက်သို့ ရွှေ့ လာသည်။

'ဒီစာအုပ် ဖတ်ဖူးလား'

ကျွန်တော်က စာအုပ်ကိုယူပြီး ကြည့်လိုက်သည်။ တောင်တွင်းကိုကိုကြီး ဟူသော နာမည်ကို တွေ့သည်။ သူ့စာအုပ်တွေကိုတော့ မဖတ်ဖူးသေး။ ဒီစာရေးဆရာ၏ နာမည်ကိုတော့ တွေ့ဖူးသည်။ သူ့စာအုပ်တွေကိုတော့ မတွေ့ ဖူးသေး။ စာအုပ်နာမည်က 'အမေ'။ အောက်ဘက်နားမှာ အင်္ဂလိပ်လို ရေး ထားသော မူရင်းစာရေးဆရာ၏ နာမည်နှင့် စာအုပ်နာမည်ကို တွေ့ရသည်။

'ကျွန်တော် မဖတ်ဖူးသေးဘူးဗျ'

ကျွန်တော်က ပြန်ဖြေတော့ ကိုအောင်မင်းက ပြောသည်။

'အဲဒါဆိုရင် ဒီစာအုပ်ယူသွားဗျာ၊ ပြီးတဲ့နေ့ကျမှ လာပေးပေ့ါ၊ ကျွန်တော်ကတော့ ဒီမှာပဲ နေ့တိုင်းရှိနေမှာပါ'

ကိုအေးဝင်းအောင်ကို လှမ်းကြည့်သည်။ သူက ပြုံးပြသည်။

'ငှားရမှာ အားမနာပါနဲ့၊ စပေါ်ပေးစရာ မလိုပါဘူး၊ ခင်ဗျားဖတ်ပြီးတဲ့နေ့ လာအပ်လိုက်ပေ့ါ'

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။ စာအုပ်ကိုကိုင်ပြီး မျက်နှာဖုံးမှ စာကို ပြန်ဖတ်သည်။ မူရင်းစာရေးဆရာအမည်ကို ဖတ်ကြည့်တော့ M.Gorky ဆိုတာနဲ့ Mother ဆိုတာကို တွေ့ရသည်။

ဆိုင်အပြင်ဘက်ကို မျက်နှာလှည့်လိုက်တော့ မဟာဗန္ဓုလလမ်းပေါ်မှာ မိုးတွေက သဲမဲပြင်းထန်စွာ ရွာနေတာကို တွေ့လိုက်ရသည်။ လက်ထဲက စာအုပ်ကို လွယ်အိတ်ထဲသို့ ထည့်သည်။ ကိုအောင်မင်းကို နှုတ်ဆက်သည်။ အမေ့အိမ်အပြင်ဘက်အဝနားတွင် ထီးကို ဖွင့်လိုက်သည်။ ပြီးတော့ မိုးရေ ထဲသို့ ထွက်လိုက်သည်။ ကိုအေးဝင်းအောင်က သူစီးမည့်မှတ်တိုင်သို့သွားမည်။ ကျွန်တော်က ကျွန်တော်စီးရမည့်မှတ်တိုင်သို့ သွားရမည်။ သူက အထက်ဘလောက်မှာ သွားစီးရမည်။ ကျွန်တော်က ဒီဘလောက်မှာပဲ စီးရမည်။

မိုးစက်တွေကို ထီးအောက်မှ လှမ်းကြည့်ရင်း ကားမှတ်တိုင်သို့ လမ်းလျှောက်လာခဲ့သည်။ မိုးက အငြိုးတကြီးရွာနေဆဲပင်။

**နွယ်နီမဂ္ဂဇင်း၊ စက်တင်ဘာ ၂၀၁၀။**

*